ပိဋကတ်ပြန်း
စာအုပ်တိုက်

မေဃဝ

တဲ့တောက်

ရိုင်း

ပြာသော နားရွက်



ဂရန်ပေါက်သောနေ့ရက်များ:

ဂရန်ပေါင်သော နေ့ရက်များ

တန်ဆောင်တိုင်ပြီးပြီဆိုသည် နှင့် တူးပို့ တူးပို့ သင်္ကြန်ရနံ့ကား မီဒီယို လောကထဲသို့ တိုးဝှေ့ စီးဆင်းသွားလေတော့သည် ။

“ကိုဂျပိန်. . . သင်္ကြန်ဇာတ်လမ်းတစ်ပုဒ် အားချင်းလိုချင်တယ်”

ဒါရိုက်တာက အားချင်းလိုချင်တယ်ဆိုတော့ အိုင်ဒီယာဂျပိန်ကား သင်္ကြန်သမားစစ်စစ်မို့ အထွေအထူး တွေးစရာမလို။ ခေါင်းထဲမှာ ရှိပြီးသား။

“သင်္ကြန်သမားကို သင်္ကြန်ဇာတ်လမ်းအပ်တော့ သင်္ကြန်ရနံ့ အသင်းဆုံး ဇာတ်လမ်းလေး ရတာပေ့ါဗျာ”

ဂျပိန်၏ လေကား နည်းနည်းမြောက်နေမှန်းသိသည် ။ သို့သော် ဒါရိုက်တာတွေ၊ ထုတ်ဝေသူ တွေရှေ့မှာ လေပေါင်က အဲဒီလောက်တင်ထားမှ တော်ကာကျသည် ။

“သင်္ကြန်သမားမို့ သင်္ကြန်ဇာတ်အပ်တာပေ့ါဗျာ”

“ရေမစိုတဲ့ သင်္ကြန် ဖြစ်ရမယ်နော်”

“ဟာ. . . ဘယ်လို ရေမစိုတဲ့ သင်္ကြန်လဲ. . . ကျွန်တော် နားမရှင်းဘူး”

“ခင်ဗျားတို့ ရိုက်နေကျ ဇာတ်လမ်းတွေဟာ ငါးပြတိုက်တို့ . . .တိုင်းရင်းသား ကျေးရွာတို့ မှာ ကုမ္ပဏီတွေဆီက စပွန်ဆာတောင်း. . . ဒေါ်ထားတို့ အဖွဲ့. . .အက်စတာတို့ အဖွဲ့က ကောင်လေး၊ ကောင်မလေးတွေကို ငှား. . .ရေပက်မဏ္ဍပ်ရှေ့မှာ ရေပက်ခံထွက်. . . သင်္ကြန်အတုတွေလုပ်. . . ကောင်လေးနဲ့ ကောင်မလေးက သင်္ကြန်မှာ တွေ့. . .သင်္ကြန်မှာ လ

မ်းခွဲ. . . ဒီဇာတ်လမ်းတွေပဲမဟုတ် လား. . . သင်္ကြန်ဆိုတာ အနှစ်သာရ ရှိရမယ်ဗျ”

ဒါရိုက်တာ အနည်းငယ်ငိုင်သွားသည် ။ မျက်နှာမှာ ပြုံးရိပ်သန်းလာသည် ကို ဂျပိန် မြင်လိုက် ရသည် ။

“ခင်ဗျား အိုင်ဒီယာကရော”

“ရေမစိုဘဲ ရိုက်ရမယ့်သင်္ကြန်”

“ကြိုက်နေပြီဗျာ”

ဒါရိုက်တာ၏ အသံ။

“ခင်ဗျား တစ်ခုပဲစဉ်းစားကြည့်. . . သင်္ကြန်ဆိုတာ နှစ်ဟောင်းက အတွေးအခေါ် အယူအဆ ဟောင်းတွေကို ထားရစ်ခဲ့ပြီး နှစ်သစ်မှာ စိတ်သစ် လူသစ်၊ ဘဝသစ်၊ အတွေးအခေါ်သစ် အနာဂတ် တွေနဲ့ ချီတက်ရမယ့် အနာဂတ်သစ်သင်္ကြန်လို့ အဓိပ္ပာယ်ဖွင့်လို့ ရတယ်. . . ကျွန်တော်က သင်္ကြန်ကို အမြင်သစ်နဲ့ သွားချင်တယ်. . .ခင်ဗျားသိအောင် တစ်ခုခုပြောပြမယ်. . . နှစ်စဉ် ပေါ့ပေါ့တန်တန်ပဲ ဆင်းပြီး သင်္ကြန်အတက်မှာ ဇနီးလေးယောက်ဆီ ပြန်တက်သွားတာပဲ. . . ကျွန်တော်က ဒီနှစ် ၂၀၁၇ မှာ သိကြားမင်းကို ပြည်သူတွေ ကြားထဲကို ထဲထဲဝင်ဝင် နှိုက်နှိုက်ချွတ်ချွတ် လေ့လာခိုင်းမှာ . . . ဘယ်သူနဲ့ ပူးတွဲပြီး လေ့လာခိုင်းမလဲဆိုတော့ အိမ်တွင်းမင်းမဟာ ဂီရိနဲ့ ”

“ဟာ. . .ကောင်းလိုက်တဲ့ အိုင်ဒီယာ”

အိုင်ဒီယာ ဂျပိန်ကို ဒါရိုက်တာ တော်တော်ကြွေသွားသည့်သဘောမှာ ရှိနေသည် ။

“အိုင်ဒီယာ ဂျပိန်လေဗျာ. . . ကိုယ့်နာမည်ကိုတော့ ဘယ်သိက္ခာ အ

ကျခံပဲ့ါမလဲ. . . လူတွေက မေ့နေကြတာဗျ. . . မင်းမဟာဂီရိမှာ ညီအစ်မနှစ်ယောက်ရှိတယ်. . . ဒွေးဖြူနဲ့ မြတ်လှ. . . မီးမလာ တဲ့ ရက်ဆိုရင် ပြဿနာ မရှိဘူးတဲ့ . . .မီးလာတဲ့ ရက်မှာ ကိုရီးယားကြည့်နေလို့ အိမ်တွင်းအုန်း လိုက်ကာကို ပိတ်ဖို့ မေ့နေတယ်. . . မီးကိုကြောက်တဲ့ မောင်နှမသုံးယောက် မီးကြောင့်သေရတဲ့ ရတဲ့ မောင်နှမသုံးယောက်ခမျာ ဘယ်လောက် စိတ်ဆင်းရဲမလဲ. . .ပြီးတော့ ဒီနေ့ခေတ် အိမ်ရဲ့ ဧည့်ခန်းမှာ မတော်တရော်ပုံတွေ ချိတ်ထားတာကို အိမ်တွင်း မင်းမဟာဂီရိရဲ့ နှမနှစ်ယောက်က ဘယ်လောက် မျက်နှာပူမလဲ. . .ဒါတွေဟာ လူတွေကြားက လူတွေရဲ့ ဖောက်ပြန်မှုနဲ့ လူဒုက္ခ၊ နတ်ဒုက္ခတွေကို ထုတ်ဖော်ပြမှ သကြ်ာန်စစ်မှာ ပေ့ါဗျာ”

“ကိုဂျပိန်. . . ဒီနှစ်သင်္ကြန်ဟာ ခင်ဗျားနဲ့ ကျွန်တော် ကံစပ်တယ်လို့ပဲ ပြောရမလိုဖြစ်နေပြီ . . .ခင်ဗျား သင်္ကြန်သမားစစ်ပါတယ်ဗျာ. . .၊ ကဲ . . . အမြန်ဆုံးသာ ရေးပေတော့. . . ရော့. . . စရန် သုံးသောင်း. . . ပြီးတဲ့ အချိန်သာ ဖုန်းဆက်လိုက်. . .”

“ဇာတ်ကောင်တွေကရော. . .”

“ခင်ဗျားကြိုက်တဲ့ လူကို ရွေး. . . ကျွန်တော်က ကြိုငှားရမှာ ”

“လူရွှင်တော်တွေပဲ စဉ်းစားပါဗျာ. . . ဈေးကွက်ကတော့ ခင်ဗျားတို့ပဲ သိတယ်”

ဒါရိုက်တာ အိမ်ထဲမှ ထွက်မယ်မကြဲသေးဘူး၊ ဂျပိန်ကတော် စိုးမြတ်ပေပါက စရန်ငွေကို မျက်စောင်းထိုးနေပြီ။ ဒါတွေက ဂျပိန်နောကျေနေပြီမို့ ‘လာသိမ်း’ဆိုသည့် မျက်လုံးဖြင့် အချက်ပြ လိုက်သည်။ ဒါရိုက်တာကား သဘောခွေ့သွားသည့် အမူအရာ။ အိမ်ကအထွက်တွင် ဒါရိုက်တာ၏ အမူအရာမှာ ကျေနပ်သွားသည့် အမူအရာ။

ဒါရိုက်တာထွက်သွားတော့မှ . . .

ဂျပိန် အတိတ်က သင်္ကြန်ကို ဗိန်းမောင်းနှင့် ရောက်သွားလေတော့သည် ။ လွမ်းလိုက်တာ သင်္ကြန်ရယ်. . .။

ပိတောက်ကို နှုတ်ဆက်ထွက်ခွာသွားကြတဲ့ သင်္ကြန်မင်းသားတွေကို အရင်လွမ်းဆွတ်မိခဲ့ သည် ။ ရွှေတိုင်မြေ ကိုခင်မောင်ဆွေ(ယဉ်ကျေးမောင်)၊ ဂန္ထဝင် မောင်ဝိုင်း (မောင်မောင်ဆိုလေ ထီးရိုး ရှည်)၊ ဂျပိန်ကား (မောင်မောင်မြင့်အောင် အမည်ဖြင့် ဒိုးဒိုးဒေါက်ဒေါက်)သက်ရှိထင်ရှားရှိနေသေး သည် ။ သင်္ကြန်မှ သည် အနုပညာလောကမှာ ထွန်းတောက်နေသော သင်္ကြန်သမား များ စွာရှိသည် ။

ကျေးဇူးပြု၍ တစ်ချိန်မှာ ရေးသားတင်ပြပါမည်။

ဘာပဲဖြစ်ဖြစ် ချစ်ခဲ့ရတဲ့ သင်္ကြန်ကိုတော့ ထာဝရလွမ်းတာတော့ အမှန်။

ဂျပိန့်အတွေးများက အတိတ်တစ်နေရာဆီမှာ ။

ဂျပိန် သင်္ကြန်ထွက်တော့မယ်ဆိုရင် မိသားစုဝင်များက နားကပ်တို့ ၊ ဆွဲကြိုးတို့ ၊ အိမ်ဂရန်တို့ ကို သိမ်းဆည်းကြတော့သည် ။

ဂျပိန်ကား ကျောင်းသားဘဝ သင်္ကြန်ကားတစ်ကား ထွက်နိုင်လောက်သည့် ငွေကြေးမရှိ။ အဲဒီတော့ မရှိ ရှိတာ မျက်စောင်းထိုးရတာပေါ့။ ဒါကတော့ သင်္ကြန်သမားတိုင်း ကြုံတွေ့ခဲ့ရသော သင်္ကြန်၏ အမှတ်တရများ သာ။

“ဘာတွေ စဉ်းစားနေတာလဲ လင်တော်မောင်”

“ဘာမှ မဟုတ်ပါဘူးကွ. . .ငါ့အဖေနဲ့ အမေပေါ့. . . ငါ အခု သင်္ကြန်ဇာတ်ကား ရေးရတော့ မယ့်အချိန်မှာ ငါ့မိဘနှစ်ပါးက မရှိတော့ဘူးလေ

. . . တောင်ဥက္ကလာက အိမ်အမှတ် ၉၄၊ ၃ လမ်း၊ (၈) ရပ်ကွက်က ငါ သကြ်န်ထွက်တိုင်း ပေါင်နေကျ ဂရန်လေးကို ပြေးပြီး သတိရလို့ ပါ. . . ငါ့အမေပြော တဲ့ စကားလေး နားထဲမှာ ပြန်ကြားယောင်လို့ ပါ. . . ဘာ တဲ့ . . .သကြ်န်ရောက်တိုင်း ငါ့အိမ်ဂရန်ကို အမြဲသတိထားတဲ့ ကြားက ဘယ်အချိန် ပျောက်ပျောက်သွားမှန်း မသိဘူးဆိုတဲ့ စကားလေးပါ. . .”

ဟာဒယမဂ္ဂဇင်း၊ မတ်၊ ၂၀၀၇

*

ချိန့်ရိုးသားစွာဝန်ခံခြင်း

ဂျပိန် ရိုးသားစွာဝန်ခံခြင်း

အကျယ်အကျယ် မဖြစ်ချင်ဘူး။ လူကြားလို့ လည်း မကောင်းဘူး။ ပြဿနာဆိုတာ ကိုယ့် ဘက်က စတင်တာလည်း မကောင်းဘူး။ သူ့ဘက်က စတင်တာလည်း မကောင်းဘူး။ လူ့ဘဝကို ကိုယ့်အဓိပ္ပာယ်နဲ့ ကိုယ်ဖြတ်သန်းတာပဲ ကောင်းတယ်။

အခုဟာက ပြဿနာကို ကိုယ့်ဘက်က စတင်စိန်ခေါ်ရတော့မယ့် အခြေရောက်နေပြီ။ ရန်သူ က ဘယ်သူလဲလို့ မေးရင် ဖြေရမှာ က ရှက်စရာ။ ရန်သူက ဂွီဒေါက်ပဲဟု ပြောရင် ဝိုင်းရယ်ကြဦးမယ်။ ကျူးကျော်တယ်ဆိုတာ စစ်အသွင်နဲ့ ကျူးကျော်တာရှိသလို သေနတ်တစ်ချက်မှ မဖောက်ဘဲ ကျူးကျော်တာလည်း ရှိတယ်။ ခုဟာက ကိုယ့်လူတွေကိုယ်၌က အကျူးကျော်ခံချင်နေတာ။ ကိုရီးယားကို ဂျပိန် မမုန်းပါဘူး။ ကိုယ့်နိုင်ငံကို ကျူးကျော်တဲ့ လူမျိုးမှ မဟုတ်တာ။

ခက်တာက ၇ နာရီဆိုရင် ဂွီဒေါက်က အိမ်ဦးခန်းရောက်နေပြီ။ အိမ်ဦးနတ်နေရာကို သူနဲ့ ဂျပိန် လုနေရပြီ။ ရိုးရိုးသားသားလုတယ်ဆိုရင် ဂျပိန် မပြောပါဘူး။ မိန်းမရဲ့ မျက်ရည်တွေကို တသွင် သွင် စီးဆင်းစေတယ်။ ဂျပိန်နဲ့ အိမ်ထောင်ကျကတည်းက မျက်ရည်ကျဖို့ မပြောနဲ့ ၊ ခွန်းကြီးခွန်းငယ် တောင် စကားမများ ဖူးတဲ့ စံပြအိမ်ထောင်ရေး။ ဂွီဒေါက်ကြည့်တိုင်း ကျလိုက်တဲ့ မျက်ရည်. . . လက်ကျန်တောင် ရှိပ့ါမလား လို့ တောင် တစ်ခါတစ်ခါ တွေးမိတယ်။ ငိုပြီးတာနဲ့ မိန်းမက ပြီးသွားတာ မဟုတ်ဘူး . . .တအိအိ လွမ်းဆွေးတတ်တဲ့ လူမျိုး။ ပြီးတော့ မျက်ရိုးကိုက်တာတို့ ၊ ရင်ခေါင်းအောင့် တာတို့ ဒါကလည်း ရှိသေးတယ်
။

ပြောရရင် တစ်ခုမှ မကောင်းဘူး။ ပိုဆိုးတာက ဂွီဒေါက်လာချိန် အိမ်ကသားတော်မောင်က ကြော်ငြာပဲကြည့်တယ်။ မည်သည့်ကားမှ စိတ်ဝင်စားသူမဟုတ်။ ဂွီဒေါက်ကို မျက်တောင်မခတ်ကြည့် သော မိန်းမနှင့် တကျက်ကျက်။ ဇာတ်ညွှန်းရေးနေသော ဂျပိန်နှင့် ကြီးစွာသော ပဋိပက္ခ ပြဿနာက အသေးလေးမဟုတ်။ အဆင်မသင့်လျှင် ဂွီဒေါက်ကြောင့် အိမ်ထောင်ရေး ပြိုကွဲသွားနိုင်သည် ။

ပြောရရင် ထမင်းခူးမကျွေးတာက စပြောရမှာ ပဲ။ ယောက်ျားဝေယျာဝစ္စ ဘာတစ်ခုမှ လုပ်မပေးတော့။ သူ့ဘဝကြီးတစ်ခုလုံး ဂွီဒေါက်ထဲမှာ နှစ်ထားသည့် အမူအရာမျိုး။

ချန်ဂင်. . .။

ချင်ဂင် ပြီးသွားမလားမှတ်တယ်. . .၊ ဟော. . . ခု ဂွီဒေါက်

ကိုယ်နဲ့ မသိတဲ့ ဟိုးအဝေးကြီးက ကိုရီးယားမလေးကို သနားနေလိုက်တာ။ ကိုယ့်လူမျိုး မိန်းကလေးတွေ သနားစရာကောင်းဖို့ အများကြီး။ ပြဿနာမျိုးစုံ၊ ဘဝပေါင်းစုံ။ အဲဒါကျတော့ သနားရကောင်းမှန်းမသိဘူး ။ မနေသာတော့. . . နောက်ဆုံး ကိုယ့်ဘက်ကပဲ စတင်ပြီး စစ်ကြေညာရတော့တာပေ့ါ။ ဘယ်ရမလဲ အိုင်ဒီယာ ဂျပိန်ပဲ။ ချက်နဲ့ လက်နဲ့ ပြောပစ်လိုက်တယ်။

ဂွီဒေါက်တစ်ပိုင်းပြီးလို့ ကြော်ငြာဝင်နေတဲ့ အချိန်. . .

“မိန်းမရယ်. . .တို့ မြန်မာကားတွေမှာ သူ့ထက် ကြေကွဲလွမ်းဆွတ်ဖွယ်ကောင်းတာတွေ တစ်ပုံကြီးပါကွာ. . . ရိုက်ချက်တွေကလည်း ထူးထူးခြားခြား တစ်ခုမှ မပါပါဘူး. . . သက်သက်မဲ့ မျက်ရည် မကျ ကျအောင် ချူနေတာပါ. . . မင်းယောက်ျားကိုယ်၌ က မြန်မာပြည်က ဇာတ်ညွှန်းဆရာ ပဲကွ. . . မင်းဂွီဒေါက်ကားထက် မျက်ရည်ကျအောင် ရေးတ

တ် တွေးတတ်သေးတယ်. . . တို့ ဆီက လူတွေက ခက်တယ်ကွ. . . တို့ ဘဝတွေဟာ တွေးမယ်ဆိုရင် ငိုချင်စရာတွေ အများကြီး. . . သူတို့ က ပါ ထပ်ငိုရအောင် လုပ်နေကြတယ်”

“မတူပါဘူးတော်. . .တော်တော့ကို မတူတာပါ. . . ရှင်ရေးနေတဲ့ ဇာတ်ညွှန်းတွေက လွတ်လပ်ရေးမရသေးတဲ့ ဇာတ်ညွှန်းတွေ. . . အနှစ်သာရနဲ့ ဆွဲဆောင်မှုကိုက မတူတာ. . .ထမင်းမေ့ ဟင်းမေ့ဖြစ်အောင်ကို ကောင်းတယ်. . .ဂွီဒေါက်မပြတဲ့ ရက်ဆို နေရထိုင်ရတာ ဘယ်လိုကြီးမှန်းကို မသိဘူး”

သူ့စကားက ကုန်နေပြီ။ ဆက်ပြောနေလည်း ဘာတစ်ခုမှ အရာထင်မှာ မဟုတ်တော့။ ဒေါ်သ ဘက် လှည့်လိုက်ရတော့သည် ။

“မင်း. . .ချန်ဂင်၊ ဂွီဒေါက်နဲ့ ငါနဲ့ ဘယ်သူက မင်းဘဝမှာ ပိုအရေးကြီးဆုံးလဲ. . .ငါက အိမ်ဦးနတ်ကွ. . .အိမ်ဦးနတ်”

“ဘယ်သူဘာပြောပြော လက်ရှိအိမ်ဦးနတ်ကတော့ ဂွီဒေါက်ပဲ. . .ဂွီဒေါက် ဇာတ်လမ်းဆုံးမှ ပဲ ရှင် အိမ်ဦးနတ်ပြန်လုပ်”

ဂျပိန်၏ ဒေါ်သ ငယ်ထိပ်မှ ပေါက်ထွက်သွားသည် ။

“တောက်. . . တော်တော် လုပ်ကျွေးချင်စရာကောင်းတဲ့ မိန်းမတွေ”

“မနေ့တစ်နေ့ကမှ ဇာတ်ညွှန်းလေးရေးလို့ ပိုက်ဆံရတာ. . .ပုံကြီးချဲ့ ပြောမနေစမ်းပါနဲ့ ”

“မင်းဟာက တစ်ခွန်းမှ မခံပါလားကွ. . . မင်းဂွီဒေါက်လာတဲ့ အချိန် ငါနဲ့ တွေ့မယ်”

*

မေတ္တာသည် သာ အပိုင်း ၅၄။

ဂွီဒေါက် မြောက်ပိုင်းမထွက်ခွာမီကာလ. . .

ဇာတ်ရှိန်မြင့်နေသောအပိုင်း. . .။

ဂွီဒေါက် မွေးစားသမီးမှန်းသိ၍ သူ့စိတ်ထဲ ကျိတ်၍ အဝေးသို့ ထွက်သွားရန် ကြံစည်ပြီး အချိန်။ ဖြစ်နေတာက သူဌေးသားနှင့် မင်္ဂလာဆောင်ရန် ပြောပြီး ဆိုပြီး။ တစ်ယောက်ချင်း လိုက်လံ နှုတ်ဆက်သည့် ဇာတ်ဝင်ခန်းများ ။ ဂွီဒေါက်ကျန်လူများကို စိတ်မချသည့်အခန်း။

*

စိတ်ဓာတ်မာကျောသော ဂျပိန်သည် ပင် မျက်ရည်ဝဲမှန်းမသိ ဝဲနေပြီ ။

ဟုတ်မှာ . . .။ မြန်မာ့အသည်းနှလုံးကို လှုပ်မည်ဆိုလည်း လှုပ်လောက်ပါပေသည် ။

“တစ်ခါတည်းသာ ကြည့်ပစ်လိုက်ချင်တယ်. . .ကြည့်ရတာ ဆန့်တင့်င့်”

“ဟုတ်ပ့ါကွာ. . . ဂွီဒေါက် ထွက်သွားပြီဆိုတော့ ဘာတွေ ဆက်ဖြစ်မလဲ မသိဘူး. . . မင်္ဂလာ ဆောင်လည်း ပျက်ပြီပေ့ါ. . . အစ်ကိုဆရာနဲ့ ဂွီဒေါက်ကို အထင်လွဲချင်လွဲကြမှာ . . . သတို့ သားလေး က သနားစရာကွာ. . .ဆိုးလ်က ဂွီဒေါက်ကို ချစ်နေတဲ့ ကောင်က. . .”

“တော်ကလည်း ဘာဖြစ်လို့ ဒီလောက်တောင် ကြိုပြီး စိတ်ပူနေရတာလဲ. . .ရုပ်ရှင်မှန်းသိရဲ့ နဲ့ . . . မြန်မာကားတွေမှာ ဂွီဒေါက်ထက် ကောင်းတာတွေ အများကြီးပါ. . .ရှင်လည်း ဇာတ်ညွှန်းဆရာ ပဲ”

ဂျပိန် ဂွီဒေါက်၏ ဖမ်းစားခြင်းကို ခံလိုက်ရမှန်း သိသွားသည် ။

အိမ်ဦးခန်းရှိ ဂျပိန်၏ အိမ်ဦးနတ်နေရာကို ကိုရီးယားနတ်ကား အခံ့သားထိုင်လျက်။

ဟဒယမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၂၀၀၆

*

ဒါမှကြွကြွရွှန်း။

အစာမကြေကြသူများ

အစာမကြေကြသူများကို တွေ့ဆုံဆွေးနွေးရေးဆိုသည့်ကိစ္စရပ်ကို ကျွန်ုပ် ငယ်စဉ်ကပင် အလွန်ဝါသနာပါခဲ့သည် ။

အဝေးကနေ စကားလုံးတွေနဲ့ စကားစစ်ထိုးနေမည့်အစား ထိပ်တိုက်ရင်ဖွင့်ကြသည် မှာ လွန်စွာငြိမ်းချမ်းသော အလုပ်တစ်ခုဟု ကျွန်ုပ် မှတ်ယူခဲ့သည် ။

Globalization ဟု ခေါ်သည့် ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာမို့ ကိုယ့်ရွာထဲက ပုဂ္ဂိုလ်လေး ယောက်ကို ကျွန်ုပ်အိမ်၌ပင် ခေါ်ယူတွေ့ဆုံ ပေးခဲ့သည် ။

ဘက်ခမ်းက စပိန်က လာရသည် မို့ ကျွန်ုပ်အိမ်သို့ သတ်မှတ်ချက်အချိန် ကွက်တိရောက် သည် ။ ကျွန်ုပ်စိတ်ထဲမှ ပင် အချိန်ကို လေးစားလို့လည်း ကမ္ဘာကျော်တာပဲဟု မှတ်ချက်ချမိလိုက် သည် ။

မက္ကလာရင်နှင့် ဖာဂူဆန်ကား ကျွန်ုပ်အိမ်သို့ ဘက်ခမ်းထက် မိနစ် ၂၀ နောက်ကျမှ ရောက်လာသည် ။ မော်ရင်ဟိုကား နောက်အကျဆုံး ရောက်လာသည် ။ ဟီးသရိုးလေဆိပ်တွင် အုတ် အော်သောင်းတင်းဖြစ်နေကြောင်းကို သူ၏ ထုံးစံအတိုင်း မဲ့ကာရွဲ့ကာနှင့် ကျွန်ုပ်အား ညည်းညူစွာ ပြောပြသည် ။

“ကျုပ်ကိုသာ အကြမ်းဖက်နှိမ်နင်းရေးမှာ ဗိုလ်ချုပ်သာခန့်လိုက်စမ်းပါ. . . ကျုပ်ရဲ့ ချယ်လ် ဆီးက ကစားကွက်ဗျူဟာအတိုင်း နှိမ်နင်းပြလိုက်ချင်တယ်”

ကျန်သုံးယောက်၏ မျက်နှာကား မော်ရင်ဟိုမျက်နှာအတိုင်း မဟုတ်သည့်တိုင် အနည်းငယ် ရွံ့သွားကြသည် ။ ထိုအခိုက် ဒေးဗစ်ဘက်ခမ်းမှ ကောက်ကာငင်ကာ မက္ကလာရင်အား မျက်နှာချင်း အပ်မတတ်ဖြင့်. . .

"ကျွန်တော့်ကို အင်္ဂလန် လက်ရွေးစင်ကနေ ချန်လှပ်ထားတယ်ဆိုတာ ကျွန်တော် ဘယ်လို လိုမှ နားမလည်နိုင်ဘူး"

မက္ကလာရင်မှ အေးဆေးတည်ငြိမ်စွာဖြင့်. . .

"အဓိကအချက် နှစ်ချက်ရှိပါတယ် ဒေးဗစ်. . .တစ်က နေးကွေးစွာကစားခြင်းနဲ့ . . .နှစ်က ကမ္ဘာမှာ ပေါ်ပြူလာဖြစ်ရုံနဲ့ ဘောလုံးပွဲတစ်ပွဲရဲ့ အနိုင်ကို ဆောင်ကြဉ်းမပေးနိုင်ပါဘူး. . . ကမ္ဘာ့ ဖလားပွဲမှာ ဇနီးမယား. . .ချစ်သူတွေနဲ့ . . . အပျော်ခရီးထွက်သလို ဇိမ်ခံပစ္စည်းတွေကို ဟိုတယ်ပေါ် ထိ ယူဆောင်သွားကြတာကို ကြည့်ရင်. . . သိသာနိုင်ပါတယ်"

"အဲဒီကမ္ဘာ့ဖလားပွဲကြောင့်ပေ့ါဗျ. . . ကျုပ်ရဲ့ အသင်းတွေ နိုင်ငံကိုယ်စားပြုလိုက်ကြတာ ကျုပ်အသင်းကို ပြန်ရောက်လာတော့ ဂိလာနတွေပဲ ပြန်ရောက်လာကြတယ်. . . အဲဒီကမ္ဘာ့ဖလား အကြောင်း မပြောစမ်းပါနဲ့ဗျာ. . . စိတ်နာလွန်းလို့ ပါ. . . ဒါပေမဲ့ ကျုပ်က မော်ရင်ဟိုလေ. . .တိုက်စစ် မှူးအသစ် ငွေနဲ့ ပေါက်ပြီး ခေါ်လိုက်တာပေ့ါ"

"ငွေနဲ့ ပေါက်ခေါ်လိုက်လို့ ကွန်မြူနစ်တီဖလားလုပွဲမှာ လီဗာပူးကို ရှုံးတာပေ့ါ"

မက္ကလာရင်၏ စကားက မော်ရင်ဟိုအရှိုက်ကို ထိသွားသလို ဖြစ်သွားမှန်း ကျွန်ုပ် ရိပ်မိလိုက် သည် ။

"ဒွန်း"

"ခင်ဗျား ဘာစကားပြောတာလဲ"

မော်ရင်ဟို၏ ဒေါသကို တစ်ချိန်လုံး ငြိမ်နေသည့် ဖာဂူဆန်မှ . . .

“နိုင်ငံကြီးသားတွေလုပ်ပြီး ဒေါသကို ရှေ့မှာ ထားကြတာကိုးဗျ. . . အမ်စတာဒမ်အကြောင်း မပြောစမ်းပါနဲ့ ဗျာ. . . အဲဒီဖိတ်ခေါ်ပွဲကို ကျုပ်သေတဲ့ အထိ ဝင်မပြိုင်တော့ဘူး. . . ကျုပ် အရမ်းအထိ နာတယ်. . .ရွှန်းနီနဲ့ ပေါလ်စကိုး ပွဲပယ်ခံရတယ်. . . ဒဏ်ရာတွေရကြတယ်. . . ကျုပ်ရဲ့ ပရီးမီးယား ဖလားအတွက် စိတ်အနှောင့်အယှက်ဖြစ်ရတယ်”

“နည်းပြကြီးကလည်း ပရီးမီးယားဖလားကို အိပ်မက်မက်တုန်းပဲ လားဗျ. . .နှစ်နှစ်ရှိပြီလေ . . .မရက်ကြဘူးလားဗျာ”

“ဒီနှစ်ရာသီအစမှာ မန်ယူခြေစွမ်းကို ခင်ဗျား မြင်လိုက်ရပြီမဟုတ်လား. . . ဖူလ်ဟမ်ကို ငါးဂိုးသွင်းပြတာလေ”

“ဟား ဟား ဟား. . .ဖူလ်ဟမ်လို လက်သန်းဖျားလောက်ရှိတဲ့ အသင်းလေးကို နိုင်တာ. . . ကျုပ်နိုင်တဲ့ အသင်းက မန်စီးတီးဗျ. . . သုံးလုံးထည့်လိုက်တာ ခင်ဗျားတို့ တွေ စိတ်လျှော့လိုက်ကြပါ ဗျာ”

“ခင်ဗျား လေသိပ်ကြွားတဲ့ လူ”

“ဒါ ကျုပ်ရဲ့ ပင်ကိုစတိုင်. . .တစ်ကမ္ဘာလုံးမှာ မရှိတဲ့ စတိုင်. . . အသင်းချင်းလည်း ယှဉ်လို့ ရတယ်. . .တစ်ယောက်ချင်းလည်း ယှဉ်လို့ ရတယ်”

“ဒုန်း”

“ခင်ဗျားစကားတွေ လွန် လာပြီဗျာ. . . ကျုပ်ရဲ့ ဆရာဟောင်းနဲ့ မချနဲ့ . . . ကျုပ်နဲ့ ချမလား . . . ခင်ဗျားနဲ့ မကျလာရင် နှစ်ယောက်ပေးတယ် ”

ဒေးဗစ်၏ အသံနှင့် လှုပ်ရှားမှုကြောင့် ဆွေးနွေးပွဲက တင်းမာမှု အမြ

င့်ဆုံးသို့ ရောက်ရှိ လာပြီ။

ကျွန်ုပ်ကပင် ဝင်ရောက်တားယူသည့်အဆင့်ထိ ဖြစ်လာသည် ။

“ဟော့ကောင်. . . ဒေးဗစ်. . . မင်း ငါ့ကို စိန်ခေါ်တယ်ပေါ့လေ. . . ငါ အင်္ဂလန်နည်းပြဖြစ်နေ သရွေ့ ကာလပတ်လုံး မင်းတင် မဟုတ်ဘူး ကွ. . .မင်း သားတွေကိုပါ မရွေးဘူး”

မက္ကလာရင် ပေါက်ကွဲတော့သည် ။

သားကို အထိခံလိုက်ရသော ဒေးဗစ်သည် မက္ကလာရင် ရှိရာသို့ ပြေး သွားတော့သည် ။

မော်ရင်ဟိုက နီးစပ်ရာပစ္စည်းတစ်ခုကို ကောက်ကိုင်လိုက်သည် ။ ပီကေဝါးနေသော ဖာဂူဆန် သည် လည်း မက္ကလာရင်နောက်ကို ဝိုင်းလိုက်သည် ။

“ဝုန်း. . . .ဝုန်း”

“ခွပ်. . . ခွပ်”

“မရွေးဘူးကွ”

“မရွေးလို့ ချတယ်ဗျာ”

“ဒေးဗစ်. . . မော်ရင်ဟိုလေကြွားကိုပါ ချ”

“ လာလေ. . .ပေါ်တူဂီသွေး ပြလိုက်မယ်”

“ဝုန်း”

“ဒါက ဘာဖြစ်နေကြတာလဲ”

အောင်မြင်လှသော ကျွန်ုပ်၏ ဇနီးသည် အသံ။

ရန်ပွဲက ခေတ္တမျှ ရပ်သွားကြသည် ။ ကျွန်ုပ်၏ ဇနီးသည် တစ်ယောက်ချင်းစီကို ကြည့်လိုက် ပြီး. . .

"ရှင်တို့ ဘယ်သူတွေလဲ. . . အိမ်မှာ ဘာလာရန်ဖြစ်နေကြတာလဲ. . . ရှင်တို့ သုံးယောက်ကို တော့ မမြင်ဖူးဘူး. . . သူ့ကိုတော့ မြင်ဖူးတယ်. . . ဒေးဗစ်ဘက်ခမ်းမဟုတ်လား. . .အပြင်မှာ ပိုတောင်ချောသေးတယ်. . .ရှင်တို့ သုံးယောက် အခုချက်ချင်း ထွက်သွားကြ. . .သူ့ကိုတော့ ထားခဲ့. . . မထွက်ရင် လမ်းမှူးနဲ့ တိုင်မှာ နော်"

ကျွန်ုပ်ကား မိန်းမ၏ စကားများကို တိုက်ရိုက် အင်္ဂလိပ်လို ဘာသာပြန်ပေးလိုက်သည် ။

မော်ရင်ဟိုမှ . . .

"လမ်းမှူးဆိုတာ ဘာလဲဗျ"

ဟု ကျွန်ုပ်ကို မေးသည် ။

"လမ်းမှူးဆိုတာ လမ်းမှူးပေါ့ဗျ"

ဟု ပြောလျက်

"ကဲ. . . ခင်ဗျားတို့ ပြန်ကြတော့. . .ဒေးဗစ်ကိုတော့ ကျွန်တော် နောက်မှ လိုက်ပို့လိုက်မယ် . . . ခင်ဗျားတို့ ဒေးဗစ်လောက် ကမ္ဘာမကျော်ဘူးဆိုတာ ကျွန်ုပ်ဇနီးသည် က သက်သေပြလိုက်ပြီ. . . ကဲ. . .အားလုံး ဂွတ်ဘိုင်"

ဟု ပြောကာ ကျွန်ုပ်သည် ထိုသုံးဦးအား အိမ်ဝထိ လိုက်ပို့ လိုက်လေတော့သည် ။

သောကြာစာစောင်၊ အောက်တိုဘာလ၊ ၂၀၁၆

*

အိုင်ဒီယာဂျပိန်နှင့် ပလေးဘက်

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ အနောက်ဗဟိုလမ်း ဘုရားပွဲရက်ကျမှ အိုင်ဒီယာ ဂျပိန်၏ မိန်းမက အိမ်ပေါ်က ဆင်းသွားသည် ။ အိမ်ရှင် အဘဦးသန်းစိန် ကြားဝင် ဖျန်ဖြေ၍ မရအောင်ပင်။

ဂျပိန်၏ အမျိုးသမီးက နာကြည်းမှု ငယ်ထိပ်ရောက်သွားသည် ။ ဂျပိန် အလုပ်မရှိတာကို ယိုးမယ်ဖွဲ့လွန်း၍ ဂျပိန် ဝုန်းဒိုင်းကြဲပစ်လိုက်သည် ။ ဒီတော့ ဂျပိန်၏ အမျိုးသမီးက သားတော်မောင် ကိုဆွဲ၍ ဆင်းသွားသည် ။ ဘယ်သူမှ ဆွဲမရ၊ လွဲမရ။ ဆင်းခါနီး ပြောသွားသေးသည် ။

"ကျွန်မ မရှိရင် အိမ်သာတံခါးသာ ပိတ်ထားလိုက်"

အိုင်ဒီယာ ဂျပိန် ဟားတိုက်ပြီး ရယ်ပစ်လိုက်သည် ။

"အဘရာ. . . လုပ်ကျွေးတုန်းက လုပ်ကျွေးပြီးပြီ. . .အလုပ်အကိုင် အဆင်မပြေလို့ ခေတ္တ အိုင်ဒီယာယူနေတဲ့ အချိန်မှာ နားပူလွန်းတာနဲ့ အိမ်ကပစ္စည်းတွေ ရိုက်ခွဲပစ်လိုက်တယ်"

"ကိုယ့်ပစ္စည်း ကိုယ်ခွဲပစ်တော့ ကိုယ့်ပစ္စည်းပဲ ကုန်တာပေါ့ကွ. . .မကျေနပ်ရင် မိန်းမကို ရိုက်ပစ်လိုက်. . .ဆေးကုရတယ်ထားဦး. . .ရိုက်ခွဲတဲ့ ပစ္စည်းတန်ဖိုးလောက် မကုန်ကျဘူးကွ. . . အိမ်ထောင်ရှင်ဆိုတာ အဲဒီလို တွက်ရတယ်"

အိုင်ဒီယာ ဂျပိန်ထက် ပို၍ ပင် အိုင်ဒီယာကောင်းမှန်း ဂျပိန်သိ၍ ခပ်ပါးပါးပြုံးလိုက်သည် ။

"ကိုဂျပိန်. . .မဏ္ဍပ်ကို ခေတ္တကြွပါ"

လူငယ်ခေါင်းဆောင် ပြောင်ကြီး၏ အသံ။

"ကဲ. . .မောင်ဂျပိန်. . .မဏ္ဍပ်က ခေါ်နေပြီ. . . ဘုန်းကြီးဆွမ်းဘုဉ်းပေးပြီးရင် ငါ့ကိုလည်း လာခေါ်ကွာ"

အိမ်ရှင်အဘ ပြောပြောဆိုဆို အပေါ်ထပ်သို့ တက်သွားသည် ။

ဂျပိန်တို့ ဘုရားပွဲမပြီးမချင်း ဗိုက်ခွေးနမ်းမယ့်ကိန်းကို မိန်းမမသိရှာလေသလား။ သူ မရှိရင် အိမ်သာတံခါး ပိတ်ထားလိုက်တဲ့ ။ ဘယ်လောက်တုံးတဲ့ မိန်းမလဲ။ ဆရာတော်သုံးပါးအတွက် ထမင်း ပွဲကို 'မ' ၊ လက်အုပ်လေးချီပြီး ဆွမ်းကပ်လိုက်တာနဲ့ ဂျပိန်တို့လိုလူတွေ ဟင်း ၁၄ မျိုးလောက်နဲ့ လွေးကြပါလေရော။

အလှူရှင်က တခြားရပ်ကွက်က ရွှေတွဲလွဲ ငွေတွဲလွဲ။ ကိုယ်လည်း မမြင်ဖူးဘဲနှင့် ဂျပိန်တို့ ကြိတ်နေသည့်ထမင်းပွဲက လက်ကျညီနေသည် ။

စားကြွင်းစားကျန်များကို အလှူရှင်အလိုကျ လမ်းထဲမှ ပြောင်ကြီးမှ ခွေးဒါနလုပ်နေသည် ။ ဂျပိန်ကား ခွေးတွေကိုကြည့်ပြီး ဒသနဖွင့်နေသည် ။

ခွေးဆိုတဲ့ သတ္တဝါက လူတန်းစားခွဲခြားတတ်သူ၊ ကိုယ့်ကိုယ်ကိုယ် ခွေးလေခွေးလွင့်ဆိုတာကို မေ့လျော့နေပုံရတယ်။

ဒီခွေးတွေ စိတ်ကြီးဝင်နေကြတယ်။ ကြည့်စမ်း. . . စွန့်ပစ်ပစ္စည်းတွေကို လူလိုငါလို စားတာ ချင်းအတူတူ အချင်းချင်း စားမာန်ခုပ်နေကြတယ်။

ဟန်ဆောင်နေကြတာ။ လူတွေကလည်း အလှူရှင်ရှေ့မှာ ခွေးတွေကို သဒ္ဓါချင်ယောင်ဆောင် နေတာ။ ကုသိုလ်ယူနေကြတယ်ပေါ့။

ကိုယ့်အိမ်ရှေ့မှာ ကိုယ့်အိမ်က စားကြွင်းစားကျန်ကို အိမ်ရှေ့မှာ ချ ကျွေးတာ မမြင်ဖူး၍ ဂျပိန် စဉ်းစားတာ မှားအံ့မထင်။

ဟော. . . ခွေးတွေက အမူအရာချိန်းသွားသည် ။

ပလတ်စတစ် ကောက်သည့် ကလေးသုံးယောက်ကို အရှိန်အဟု န်ပြ င်းစွာ ဟောင်နေသည် ။ ကလေးတစ်ယောက် ခွေးကိုက်ခံရသည် ။

မဏ္ဍပ်ထဲမှ ဝိုင်းအော်ဟစ်၍ ခွေးတွေက အလှူ့လှူ့ပြေးကြသည် ။ အ လှူ့ဒကာမကြီး ဒေါ်ရွှေ ကြည်မှ ကလေးများ ဘက်မှ အားပေးစကားဆို သည် ။

“ဒီကလေးတွေ ခွေးကိုက်တာတောင် နည်းသေးတယ်. . . ပလတ်စ တစ်ကောက်သလိုလိုနဲ့ လစ်ရင် တွေ့ရာဆွဲသေးတယ်”

အလှူ့ဒါယိကာမကြီး၏ ညီမဖြစ်သူက ရွှေပြည်အေးစကား ထပ်ဆ င့်လိုက်သေးသည် ။

“ဟဲ့. . .ကလေးတွေ. . .မဏ္ဍပ်ထဲက အပြင်ကို ခပ်ဝေးဝေးသွားကြ. . .ဒီမှာ လှူနေ တန်းနေ တာ အကုသိုလ်မဖြစ်ချင်ဘူး”

ဤတွင် အိုင်ဒီယာဂျပိန်က မနေသာတော့။

သူတို့ လှူသော ထမင်းဟင်းကို စားပြီး ဘယ်သူ့မျက်နှာမှ မထောက် သူရဲကောင်းတို့ ထုံး နှလုံးမူ၍ . . .

“စကားဆိုတာ ပြောတိုင်းကောင်းတာ မဟုတ်ဘူး ဗျ. . .လူနဲ့ ခွေး. . . ဘယ်သူကမြတ်လဲ. . . ခွေးကိုက်ခံရတာက လူဗျ. . .ထမင်းစားဖို့ လူတ ကာ စွန့်ပစ်ပစ္စည်းကိုကောက်ပြီး အသက်မွေးဝမ်း ကျောင်းရတာ. . . အ ခုဟာက ကလေးတွေ. . . ကလေးတွေကို စာနာစိတ်ထားကြပါ”

အိုင်ဒီယာဂျပိန် မဏ္ဍပ်ထဲမှ ရင်ကော့ထွက်လာခဲ့သည် ။

ဂျပိန်ကို မဏ္ဍပ်ထဲမှ မျက်စောင်းများက ခန္ဓာကိုယ်အနှံ့ စိုက်လျက်။

ထိုအချိန်တွင် အလှူမဏ္ဍပ်ထဲမှ မည်သူက လက်ဆော့လိုက်မှန်း မသိ။ ကက်ဆက်သံက စူးရှ စွာ ထွက်လာသည် ။ ရုပ်ရှင်ထဲကလိုဆို ပလေးဘက်ပေ့ါ။

'××× အပူပင်ကင်းတဲ့ ကလေးလေးဘဝကို ××× တစ်ခါပြန်ပြီး ရချင်သေးတယ် ××× အပြစ်မရှိသေးတဲ့ ကလေးလေးဘဝကို ××× တစ်ခါပြန်ပြီး ရချင်သေးတယ် ×××'

ဟာဒယမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၂၀၀၆

*